# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံစာရင်းကောင်စီ

အမိန့်ကြော်ငြာစာအမှတ်- ၁၀/၂၀၁၅
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်

## လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) မှတ်ပုံတင်ရန်လိုအပ်ချက်များထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည်ကောင်စီဥပဒေပုဒ်မ ၂၇ အရ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် ကနဦးမှတ်ပုံတင်ရန်အတွက် သို့မဟုတ် သက်တမ်းတိုးရန်အတွက် လိုအပ်သည့် သတ်မှတ်ချက်များကိုထုတ်ပြန်လိုက်သည်။

၂။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် ကနဦးမှတ်ပုံတင်လိုသူသည် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီပါက မည်သည့်အချိန်တွင်မဆို သတ်မှတ်အခ ကြေးငွေများပေးသွင်း၍ မြန်မာနိုင်ငံစာရင်းကောင်စီသို့လျှောက်ထားရမည်-

(က) အသက် ၂၁ နှစ်ပြည့်ပြီးသူ၊

(ခ) အောက်ဖော်ပြပါပညာအရည်အချင်းရှိသည့်မြန်မာနိုင်ငံသား-

(၁) လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းပထမပိုင်းနှင့် ဒုတိယပိုင်းနှစ်ပိုင်းလုံး အောင်မြင်ပြီးသူ၊ (သို့မဟုတ်)

(၂) မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၁ အရ ကောင်စီကအသိအမှတ်ပြုသည့်နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် လက်မှတ်တစ်ခုခုရရှိထားပြီး ပုဒ်မ ၄၂ အရ ပြုလုပ်သည့်အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပြီးသူ။

(ဂ) အောက်ဖော်ပြပါစာရင်းကိုင်အလုပ်သင်လုပ်သက်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာဆောင်ရွက်ပြီးသူ-

(၁) လက်မှတ်ရပြည်သူ့စာရင်းကိုင်ဒုတိယပိုင်းစာမေးပွဲအောင်မြင်ပြီးအလုပ်သင်လုပ်သက် ၂ နှစ်ပြည့်ပြီးဖြစ်သော်လည်း ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ခြင်းမပြုသေး/ မပြုခဲ့သူများသည် ဒုတိယပိုင်းအောင်မြင်ပြီး ၅ နှစ်အတွင်းဖြစ်ပါက နောက်ထပ်အလုပ်သင် ၁ နှစ်ဆောင်ရွက်ပြီးသူ၊

(၂) လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲ အောင်မြင်ခြင်းမရှိမီအလုပ်သင်ဆင်းသူများသည် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း စတင်တက်ရောက်သည့်အချိန်မှစ၍ ၅ နှစ်အတွင်း ဒုတိယပိုင်းစာမေးပွဲ အောင်

မြင်၍ အလုပ်သင်လုပ်သက် ၃ နှစ်ရှိသူ (ထိုအလုပ်သင်လုပ်သက် ၃ နှစ်တွင် ဒုတိယပိုင်းစာမေးပွဲအောင်မြင်ပြီးမှ အလုပ်သင်ဆင်းသည့် အလုပ်သင်လုပ်သက် ၁ နှစ် ရှိရမည်)၊

(၃) လက်မှတ်ရပြည်သူ့စာရင်းကိုင်ဒုတိယပိုင်းစာမေးပွဲအောင်မြင်ပြီးမှ အလုပ်သင်ဆင်းသူများဖြစ်ပါကစာမေးပွဲအောင်မြင်ပြီး ၅ နှစ်အတွင်း အလုပ်သင်ဆင်းသည့် စုစုပေါင်းအလုပ်သင်လုပ်သက် ၃ နှစ်ရှိသူ၊

(၄) အထက် အပိုဒ် ၂ (ခ) (၂) ပါ ပုဂ္ဂိုလ်များအတွက် ကောင်စီကသတ်မှတ်သည့် အလုပ်သင်လုပ်သက် ဆောင်ရွက်ပြီးသူ။

(ဃ) စတင်လျှောက်ထားသည့်နေ့မတိုင်မီ ၁၂ လအတွင်းစဉ်ဆက်မပြတ်လေ့လာသင်ယူမှု (Continuous Professional Development- CPD) နာရီအနည်းဆုံး ၂၀ ရှိသူ၊

(င) မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတွင် အသင်းဝင်ပြီးသူ။

၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် မှတ်ပုံတင်ရန်လျှောက်ထားမည့်သူသည် နိုင်ငံခြားသားဖြစ်ပါက မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၅၃၊ ၅၄၊ ၅၆ နှင့် ၅၈ ပါပြဋ္ဌာန်းချက်များအတိုင်းဆောင်ရွက်ရမည်။

၄။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) လက်မှတ်သက်တမ်းသည် ပြက္ခဒိန်နှစ် တစ်နှစ်ဖြစ်သည်။ လက်မှတ်ရရှိပြီးသူသည် နှစ်စဉ်ပြန်လည် မှတ်ပုံတင်ရမည်။ မှတ်ပုံတင်ရန်ပျက်ကွက်ပါက ထိုနှစ်အတွက် သက်တမ်းပြတ်သည်ဟုသတ်မှတ်ပါမည်။

၅။ ယခင်ကကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ်မှတ်ပုံတင်ခဲ့သူများသည် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)အဖြစ်သက်တမ်းတိုးနိုင်သည်။

၆။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် မှတ်ပုံတင်ထားသူသည်-

(က) ပြက္ခဒိန်နှစ်အလိုက် သက်တမ်းတိုးမှတ်ပုံတင်ရန် ကောင်စီကသတ်မှတ်သည့် လျှောက်လွှာဖြင့် သက်တမ်းတိုးမည့်နှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်နေ့အတွင်း လျှောက်ထားရမည်၊

(ခ) အထက်အပိုဒ်ခွဲ (က) ပါအတိုင်းလျှောက်ထားခြင်းမပြုနိုင်ပါကအပိုဒ် ၉(င) တွင် ဖော်ပြထားသည့် နောက်ကျကြေးပေးသွင်း၍ လျှောက်ထားရမည်။

(ဂ) ဇွန်လ (၃၀) ရက်နေ့ နောက်ပိုင်းတွင်မှ မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားလာခြင်းကို လုံးဝခွင့်ပြုမည်မဟုတ်ပါ။ ထိုနှစ်အတွက် သက်တမ်းပြတ်သည်ဟု သတ်မှတ်ပါမည်။

၇။ သက်တမ်းတိုးရန်အတွက်လိုအပ်သည့် CPD နာရီကိုအောက်ပါအတိုင်းသတ်မှတ်သည်-

(က) တစ်နှစ်လျှင် အနည်းဆုံးနာရီ ၂၀ ပြည့်မီရမည်၊

(ခ) တဆက်တည်းသုံးနှစ်တွင် စုစုပေါင်းနာရီ ၁၂၀ ပြည့်မီရမည်။ ထိုနာရီ ၁၂၀ တွင် နာရီ ၆၀ သည် သတ်မှတ်ပုံစံဖြင့် လေ့လာသင်ယူမှုဖြစ်ရမည်၊

(ဂ) သက်တမ်းပြတ်သူများပြန်လည်မှတ်ပုံတင်ခြင်းအတွက် သက်တမ်းတိုးမည့်နှစ်မတိုင်မီနှစ်တွင် အနည်းဆုံး ၂၀ နာရီပြည့်မီရမည်။

၈။ အထက်အပိုဒ်များပါသတ်မှတ်ချက်များနှင့်မကိုက်ညီသူများအား ကိစ္စရပ်အလိုက် စဥ်းစားဆောင်ရွက်မည်။

၉။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် မှတ်ပုံတင်ရန် သို့မဟုတ် သက်တမ်းတိုးရန် လျှောက်ထားရာတွင် ပေးသွင်းရမည့် အခကြေးငွေများမှာအောက်ပါအတိုင်းဖြစ်သည်-

| | | ကျပ် |
|---|---|---|
| (က) | လျှောက်လွှာကြေး | ၁,၀၀၀ |
| (ခ) | စတင်လျှောက်ထားခြင်း | ၁၀,၀၀၀ |
| (ဂ) | နှစ်စဥ်သက်တမ်းတိုးခြင်း | ၁၀,၀၀၀ |
| (ဃ) | နှစ်ပြတ်ကြေး (၁ နှစ်လျှင်) | ၁၀,၀၀၀ |
| (င) | နောက်ကျကြေး | ၁၀,၀၀၀ |

၁၀။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် ကနဦးမှတ်ပုံတင်ရန် လျှောက်ထားသည့်အချိန်တွင် အောက်ပါအထောက်အထားများပူးတွဲတင်ပြရမည်-

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်စာမေးပွဲအောင်လက်မှတ် မူရင်းနှင့်မိတ္တူ

(ခ) မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဝင်ကတ်ပြားမူရင်းနှင့်မိတ္တူ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ

(ဃ) စတင်လျှောက်ထားသည့်နေ့မတိုင်မီ ၁၂ လအတွင်းစဥ်ဆက်မပြတ်လေ့လာသင်ယူမှု (Continuous Professional Development- CPD)မှတ်တမ်း

(င) ပတ်စပို့အရွယ် ဓာတ်ပုံ ၃ ပုံ

၁၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) မှတ်ပုံတင် သက်တမ်းတိုးရန် လျှောက်ထားသည့်အချိန်တွင် အောက်ပါအထောက်အထားများပူးတွဲတင်ပြရမည်-

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) မှတ်ပုံတင်လက်မှတ်မူရင်း၊

(ခ) သက်တမ်းတိုးမည့်နှစ်မတိုင်မီ ၁၂ လအတွင်း စဉ်ဆက်မပြတ်လေ့လာသင်ယူမှု (Continuous Professional Development- CPD)မှတ်တမ်း

(ဂ) မှတ်ပုံတင်လက်မှတ်တွင်သက်တမ်းတိုးရန်နေရာမရှိပါကပတ်စပို့အရွယ်ဓာတ်ပုံ(၂) ပုံ

၁၂။ ဤအမိန့်ကြော်ငြာစာတွင် ပါရှိသည့်အချက်များသည် ယခင်ကထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်ပါအချက်များနှင့်ကွဲလွဲနေပါက ဤအမိန့်ကြော်ငြာစာတွင်ပါရှိသည့်အချက်များက လွှမ်းမိုးသည်။

ခင်စန်းဦး

အတွင်းရေးမှူး

စာအမှတ်၊ မစက/ ၇၀၁/( ၉၇၇ /၂၀၁၅) ရက်စွဲ ၊ ၁၆-၁၂-၂၀၁၅

ဖြန့်ဝေခြင်း

ကြော်ငြာသင်ပုန်း

မိတ္တူ

မြန်မာနိုင်ငံစာရင်းကောင်စီဝင်များအားလုံး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအလုပ်အမှုဆောင်များအားလုံး

အမိန့်ကြော်ငြာစာဖိုင်

ရုံးလက်ခံ

မျှောစာတွဲ